

# "DEEP"

(Chapter - 1)

By

Muchnin Phyu

# Intro

မှောင်မိုက်နေသော အခန်းလေးတစ်ခု ...

လိုက်ကာများအားလုံးကို ပိတ်ထားကာ အလင်းဟူသမျှ ရန်သူဟု မှတ်ယူထားသည့်နှယ် ပြင်းပြင်းထန်ထန် တားဆီးပိတ်ပင်ထား၏။ စိုးစဥ်းမျှသော အလင်းမှုန်ကလေးသည်ပင် ဝင်ခွင့်မရနိုင်သည်ဖြစ်ရာ အခန်းငယ်လေးသည်ကား အမှောင်ထုကြီးတစ်ခု ကြီးစိုးလျက်ရှိ၏။

အလင်းဟူသမျှ တိုက်ထုတ်ထားသည်ဖြစ်ရာ မီးအလင်းရောင်လေးကိုပင် လက်ခံခြင်းမပြုခဲ့။ ထို့ကြောင့်ပင် အခန်းကျဥ်းလေးထဲ၌ အမှောင်ဘုရင်ကြီးသည်ကား ဝင့်ကြွားစွာ ရပ်တည်လျက် ရှိချေ၏။

ထို မှောင်မိုက်နေသော အခန်းကျဥ်းလေးထဲ၌မူ သေးငယ်လှစွာသော မီးတောက်ရဲရဲလေးသည်ကား မှိန်ပျစွာ ထွက်ပေါ်နေသေး၏။ ထို မီးတောက်ငယ်လေးမှ တစ်ဆင့် ထွက်ပေါ်နေသည်ကား လေထုထဲသို့ တလူလူ ပျံ့လွင့်နေသော မီးခိုးကလေးများ ...

အခန်းငယ်လေးသည်ကား အမှောင်ထုတို့သာမက တိတ်ဆိတ်ခြင်းတို့သည်လည်း ကြီးစိုးလျက်။

ထိုသို့ တိတ်ဆိတ် မှောင်မိုက်နေသော အခန်းကျဥ်းလေးထဲ၌မူ လူငယ်လေး တစ်ယောက်သည်ကား ခုတင်ကိုမှီလျက် ကြမ်းပြင်ထက်၌ သက်သောင့်သက်သာ ထိုင်နေလေ၏။

လက်ချောင်း ဖြူဖြူတို့သည်ကား သွယ်လျလျက်။ ထို လက်ချောင်း

ကလေးများ ကြားထဲ၌မူ အငွေ့တလူလူ ထွက်ပေါ်နေသော ဆေးလိပ်လေး တစ်လိပ် ...

ခေါင်းကိုမော့ကာ မျက်လုံးများအား မှိတ်ထားသည့် ကောင်လေး သည်ကား မျက်ရည်ဥများအား ထိန်းချုပ်ထားသယောင်ယောင်။ ခြေထောက်တစ်ဖက်ကို ဆန့်ထားရင်း ကျန်တစ်ဖက်ကိုမူ ထောင်လျက် ဆေးလိပ်ကိုင်ထားသော လက်တစ်ဖက်အား တင်ထားလေ၏။

ကျန်လက်တစ်ဖက်ကမူ ကြမ်းပြင်ပေါ်၌ အလဲလဲအပြိုပြို ...

~~ ဘဝ တစ်လျှောက်လုံး ပိုက်ထွေးလာခဲ့ရတာက နာကျင်မှု ...

သည်းခံနေခဲ့သလောက် ပြန်ရခဲ့တာက အစော်ကားခံရမှု ...

ပေးဆပ်ခဲ့ရသလောက် ပြန်ရခဲ့တာတွေက ဓားထက်ထက်နဲ့ ရင်ကို အ မွှန်းခံခဲ့ရမှုတွေ ...

ပျော်ရွှင်မှုဆိုတာက ငါ့ဘဝအတွက် ဘယ်တုန်းကမှ မသက်ဆိုင်ခဲ့သလို မျိုး ...

နွေးထွေးမှုဆိုတာက ကောင်းကင်ပေါ်က ကြယ်လေးကို ဆွတ်ခူးနေရသ လိုမျိုး ...

ကြင်နာမှုဆိုတာမျိုးက တခြားကမ္ဘာက ဒီပါဝေးအတွက်သာ ဖြစ်တည်လို မ့်မပေ့ါ ...

ဒါပေမဲ့ ဆက်ရှင်သန်ရဦးမယ် ...

ဒီပါဝေးဆိုတဲ့ ငါ့ဘဝမှာ ဆုံးရှုံးစရာ မရှိတော့ဘူး။ မက်မောတွယ်တာ စရာမရှိတဲ့ ငါ့ဘဝကြီးကို ဆက်ရှင်သန် နေစေတာက .....

နွံနစ်နေတဲ့ငါ့ကို နစ်သထက်နစ်အောင် ထိုးချသွားတဲ့ မင်းကို အပြစ်ပေးဖို့ ...

***

# အပိုင်း (၁)

Crystal Bar .....

Bar လေးသည်ကား ပုံမှန်ထက် တိတ်ဆိတ်လျက်ရှိ၏။ Crystal Bar ဟု ဆိုလိုက်ပါလျှင်မူ စီးပွားရေး လုပ်ငန်းရှင်ကြီးများ တွေ့ဆုံရာ၊ ကျက်စားရာ နေရာတစ်ခုအဖြစ် ပြေးမြင်တတ်ကြသည်။ အပျော်အပါးထက် စီးပွားရေး ကိစ္စများ ဆွေးနွေးနိုင်ရန်အလို့ငှာ ဂုဏ်သရေရှိ လူကြီးမင်းကြီးများ စုဝေးရာ နေရာတစ်ခုဟုဆိုလျှင်လည်း မမှားနိုင် ...

Bar အတွင်း၌မူ အခန်းကျယ်တစ်ခုအတွင်း၌ ထိုင်ခုံကလေးများအား အကွာအဝေးတစ်ခုစီခြားကာ သပ်ရပ်စွာ စီထား၏။ အတော်အတန် ချမ်းသာသူများ စုဝေးရာ နေရာတစ်ခုဖြစ်သည့်အလျောက် Bar သည်ကား နှစ်ထပ်ရှိ၏။ ထို့ပြင် မြေအောက်ထပ်ကလေးလည်း ဖန်တီးထားသေးသည်။

Bar ထဲသို့ ဝင်လျှင်ဝင်ချင်း လမ်းသွယ်လေးတစ်ခုရှိ၏။ ထိုမှတစ်ဆင့် ဝင်ရောက်လာပါလျှင်မူ မြေညီထပ် bar အခန်းလေးသို့ ရောက်ပေလိမ့်မည်။

မြေညီထပ်မှတစ်ဆင့် ညာဘက် ထောင့်ဆုံးနားလေး၌မူ မီးကြိုးကလေးများဖြင့် မှိန်ပျပျ အလှဆင်ထားပါသော လှေကားလေးတစ်ခု ရှိချေ၏။ ထိုမှတစ်ဆင့် မြေအောက်ထပ် Bar အခန်းလေးထဲသို့ ရောက်သွားပေလိမ့်မည်။ ထို နှစ်ထပ်သည်ကား အတော်အတန် လွတ်လပ်သည်ဆိုပါသော်ငြား အတန်အသင့်တော့ ဆူညံသံကလေးများ၊ သံစဥ်ကလေးများ ပျံ့လွင့်နေသေး၏။

အဓိကကမူ ဘယ်ဘက်ထောင့်ဆုံးရှိ လှေကားသွယ်သွယ်မှတစ်ဆင့် အပေါ်သို့ တက်ရောက်သွားရသည့် အပေါ်ဆုံး အထပ်ပင်။ စီးပွားရေး ကိစ္စများ သီးသန့် ဆွေးနွေးပြောဆိုနိုင်ရန် သီးသန့်အခန်းများ ပြင်ဆင်ထားလေ၏။ ထို အပေါ်ဆုံးအထပ်နှင့် ခေါင်မိုးထပ်ကိုမူ လုပ်ငန်းရှင်ကြီးများမှအပ မည်သူမျှ မသွားနိုင်ကြ။

သွားချင်ပါက သီးသန့် VIP card များ ကိုင်ဆောင်ထားရန် လိုအပ်လေ၏။ အဓိကအားဖြင့် VIP member card ရှိရန် လိုအပ်ပေသည်။

Bartender ကမူ မြေညီထပ်၏ ဝင်ပေါက်လမ်းသွယ်လေး၏ အဆုံး၊ ဘယ်ဘက်ခြမ်း၌ ရှိလေ၏။

ဝီစကီ ပုလင်းများ၊ ဝိုင်ပုလင်း များအပြင် Alcoholic beverage ပုလင်းများ စုံလင်စွာ စီစီရီရီ နေရာချထား၏။ ထိုနေရာ၌မူ ဖြူဖြူသွယ်သွယ် ကောင်လေးတစ်ယောက်သည်ကား bartender တစ်ယောက်၏ တာဝန်အား ကျွမ်းကျင်စွာ ထမ်းဆောင်နေလေ၏။

Crystal bar သည်ကား စီးပွားရေးလုပ်ငန်းရှင်များ တိတ်ဆိတ်စွာ ဆုံတွေ့သည့်နေရာအဖြစ် ကျော်ကြားပါလျှင်မူ အနီ ခပ်အေးအေး Bartender လေးနှင့် သူ၏ စွမ်းဆောင်ရည်သည်ကား ဒုတိယနေရာမှလိုက်ကာ ကျော်ကြားလေ၏။

မိန်းကလေးငယ်များမှစကာ ယောကျ်ားသားများအထိ ဝိုင်းကာ ငေးကြည့်ရပါသော Bartender ကောင်လေး ...

သွယ်လျသော လက်ချောင်းကလေးများက Shaker ကို shake နေသည်မှာ အညာအတာ ကင်းမဲ့လျက်။ တချို့က လှပသော ခန္ဓာကိုယ် အချိုးအစားကြောင့် ငေးမောကြ၏။ တချို့က ပြောင်မြောက်သော စွမ်းရည်ကြောင့် ငေးမောကြပြီး တချို့ကမူ တဏှာရာဂများ ပိုက်ထွေးလျက် ငေးမောကြ၏။

သေချာသည်တစ်ခုမှာကား ရုပ်ရည်ကြောင့် ဒေးမောကြခြင်း မဟုတ်တန်ရာ။ အဘယ်ကြောင့်ဆိုသော် ထိုကောင်လေးသည်ကား အချိန်ပြည့် mask တပ်ထားခြင်းကြောင့်ပင် ...

အလုပ်ချိန်သာမက အပြင်၌ တွေ့လျှင်ပင် mask တပ်ထားသည်ကိုသာ မြင်တွေ့ရလေ့ရှိရာ အနီ bartender ကောင်လေး၏ ရုပ်ရည် အစစ်အမှန်အား မည်သူမျှ မသိကြ ...

ထို့ပြင် ဖော်ရွေမှုကင်းမဲ့လှသော Bartender ကောင်လေးသည်ကား စကားကိုလည်း ခပ်တိုတို၊ ခပ်ပြတ်ပြတ် ပြောလေ့ရှိ၏။ ခပ်တန်းတန်းနေလေ့ရှိ၏။ သူ အဆက်အဆံလုပ်သော လူသား နှစ်ဦးသည်ကား bar ပိုင်ရှင်ဟုလူသိများသော ကိုထက်နှင့် Waiter လေး ရှင်း ...

ထိုသို့ လောကကြီးနှင့် အဆက်အသွယ်ဖြတ်ကာ အေးစက်စွာ ရှင်သန်နေပါသော bartender ကောင်လေး၏ နာမည်ကိုလည်း Wei ဟုသာ သိထားကြ၏။ အစစ်အမှန်ပေလား၊ နာမည်လွှဲထားခြင်းပေလား ဟူသော မေးခွန်းကိုမူ မည်သူမျှ မှန်ကန်အောင် မဖြေဆိုနိုင်ခဲ့ကြချေ။

"Wei ... Tabel 6 က လူကြီးက ပုံမှန် မှာနေကျ cocktail တစ်ခွက် ...။ ပြီးတော့ VIP room 8 က Boston sour သုံးခွက် ..."

"....."

အမှာလက်ခံပြီးသည်နှင့် သွယ်လျသော လက်ချောင်းလေးများက သူ၏ အလုပ်အား သွက်လက်စွာ လုပ်ဆောင်တော့သည်။ ခွက်ထဲသို့ ရေခဲထည့်လိုက်ပြီး Bar spoon လေးနှင့် အသာမွှေ၏။ spoon လေးအား ကိုင်ထားသော လက်ချောင်းကလေးများကမူ လှရက်လွန်းသည်။ ဤသည်ကို မိန်းကလေးငယ်လေးများက ဒေးမောကြဟန် တူသည်။

ထို့နောက် တစ်ဆင့်ချင်း သေသပ်စွာ လုပ်ဆောင်လေတော့သည်။ လက်ချောင်းကလေး နှစ်ချောင်းဖြင့် ညှပ်ကာ ကိုင်ထားသော Jigger ကလေးကမူ လှပသော လက်ချောင်းလေးများကြောင့် သိမ်ငယ်လျက်ရှိ၏။

Shaker လေးထဲသို့ ကျဆင်းသွားသော ဝီစကီကလေးများကမူ ဝင့်ကြွား စွာ ကျဆင်း သွားသယောင်ယောင် ...

ပါဝင်ပစ္စည်းတစ်ခုချင်းစီအား ဂရုတစိုက်ထည့်နေသည့်တိုင် ကြည့်ရသူ အဖို့ ပေ့ါပါးလွန်းနေ၏။ ပုလင်းအဖုံး ဖွင့်လိုက်သည်ကပင် ဆွဲဆောင်မှု ရှိ နေသယောင်ယောင် ...

ထို့နောက် Shaker ကိုကိုင်ကာ အားပါပါ shake လေ၏။ Wei လုပ်သမျှ တစ်ဆင့်ချင်းအား ငေးမောကာ ကြည့်နေကြပါသော မိန်းကလေးငယ်များ အား ရှင်းတစ်ယောက် စိတ်လေစွာ ထိုင်ကြည့်နေလိုက်သည်။

~~ Wei သာ mask လေး ချွတ်ပြီး တစ်ချက် ပြုံးပြလိုက်ရင် မူးလဲကုန်ကြမ လားပဲ ...~~

Wei ကမူ ဂရုမစိုက်။ သူ လုပ်စရာရှိသည်တို့ကိုသာ အေးစက်စွာ လုပ်ဆောင်လျက်ရှိသည်။ Shaker မှတစ်ဆင့် cocktail ခွက်လေးထဲသို့ ကျ ဆင်းနေသည့် cocktail ကလေးများကပင် ဖော်စပ်သူ Wei ၏ မာန်များ ပါဝင်နေသယောင်ယောင် ...

ပြီးဆုံးသည်နှင့် အသီးလေးများဖြင့် အလှဆင်လိုက်ကာ လှပ၍ ဆွဲဆောင် မှုရှိသော cocktail ခွက်လေးများအား အဆုံးသတ်လိုက်၏။

"ရပြီ ..."

"ok ဗျာ ..."

ရှင်း ထွက်သွားပြီးနောက် Wei သည်ကား စနစ်တကျ သန့်ရှင်းရေးလုပ်

လျက်ရှိသည်။

ဤသည်ကိုပင် စူးစူးစိုက်စိုက် ငေးလျက်ရှိသော လူတစ်ယောက် ရှိသေးလေ၏။

Light company ဥက္ကဋ္ဌလေး ဝင်္ကမုန်း ...

"မုန်း ... ငေးလှချည်လား ..."

"သူ့ကို မတွေ့ဖူးဘူး ..."

"Crystal ဆိုတာနဲ့ Wei နဲ့ တွဲမြင်ကြတာလေကွာ။ မင်းကျမှ မတွေ့ဖူးဘူးတဲ့လား ..."

"ငါလာရင် ည 9 နာရီထက် မကျော်ဘူးလေကွာ ..."

"သြော် အေး ...။ အဲဒါကြောင့် ဖြစ်လိမ့်မယ်။ Wei က 9 နာရီ နောက်ပိုင်းကနေ မနက် ၄ နာရီလောက်အထိ နေတာ ..."

"ဟမ် ... ညနက်သန်းခေါင်ကြီး ..."

"အေး ... Wei က လူသိပ်မကြိုက်ဘူးကွ။ လူသိလည်း မခံဘူး။ သူ့ Mask ကို ချွတ်တာ ဘယ်တုန်းကမှ မတွေ့ဖူးဘူး။

ဒီ bar က bartender 3 ယောက်ထားတာလေ။ သူ့အချိန်နဲ့သူပေါ့ ...။ ဒီနေ့မှ Wei က စောစော ရောက်နေတာ။ ဘာလို့လဲတော့ ငါလည်းမပြောတတ်ဘူး ..."

"ဒါကြောင့် ငါမတွေ့ဖူးတာ နေပါလိမ့်မယ် ..."

"အင်း ..."

"ငါပြောတဲ့ စာချုပ်ကို ၃ ရက်အတွင်း အပြီးပြင်ဆင်ထားလိုက်။ ပြီးရင် ကမ်းလှမ်းထား ..."

ဝီစကီ သောက်ရန်ပြင်နေသော ခေတ်သည်ကား မုန်း၏ စကားကြောင့် ရပ်တန့်သွားကာ ...

"ကမ်းလှမ်းတာ လက်ခံမယ် ထင်လို့လား ..."

"လက်ခံအောင် လုပ်ရမှာပေါ့။ သူ့အနေနဲ့ ဘဝကို ရိုးရိုးရှင်းရှင်း ဖြတ်သန်းခဲ့သူမှ မဟုတ်ပဲ ..."

"ငါ မင်းနဲ့ ရန်သူဖြစ်မနေတာ ကံကောင်းတာပဲ ..."

"မိတ်ဆွေ ဖြစ်နေတော့ရော ကောင်းတယ်ပေါ့ ..."

"ရန်သူ ဖြစ်နေတာထက်စာရင်တော့ သက်သာပါသေးတယ် ..."

မုန်းက ခပ်ဖွဖွရယ်တော့ ခေတ်က လက်ထဲမှ ဝီစကီလက်ကျန်အား အကုန်မော့လိုက်၏။ မုန်းက မူ Wei ဟူသော Bartender ကောင်လေးအား ငေးစိုက်ကြည့်နေဆဲ ...

ခေတ်ကမူ မုန်းကိုတစ်လှည့်၊ Wei ကို တစ်လှည့်ကြည့်ကာ အခြေအနေအား အကဲခတ်နေ၏။ သို့သော်ငြား သိုဝှက်လွန်းသူ နှစ်ယောက်အကြား မည်သည့် သဲလွန်စမျှ ရှာမတွေ့ခဲ့ပါချေ။

မှန်ပါသည်။ Wei က ဖုံးကွယ်တတ်သည်ဟု နာမည်ကြီးပါလျှင်မူ မုန်းက ဒုတိယနေရာမှ လိုက်လေမည်။ ကွာခြားသည်ကား Wei က အေးစက်စက် နေကာ သိုဝှက်တတ်၏။ မုန်းကမူ အပြုံးတစ်ခုဆောင်ကာ သိုဝှက်တတ်၏။ မုန်းတစ်ယောက် ပြုံးလိုက်ပါလျှင်မူ ချစ်စရာကောင်းသော်ငြား လက်ခံရရှိသူ တစ်ယောက်အနေနှင့် လွယ်ကူတော့မည်မဟုတ်။

မုန်း ပြုံးနေလျှင် အမှန်တကယ် ပြုံးနေသည်လား၊ ကောက်ကျစ်စွာ ပြုံးပြ နေသည်လား တော်ရုံလူ မခွဲတတ်ပါချေ။

မုန်း မည်မျှ အဆိပ်ပြင်းကြောင်း မေးပါလျှင်မူ အသက် ၂၄ နှစ်နှင့်

ကုမ္ပဏီ ဥက္ကဋ္ဌ ဖြစ်နေသည်သာ ကြည့်ပါလေ။ လွယ်ကူစွာ တက်လှမ်းခဲ့ခြင်း မဟုတ်သည်ကိုတော့ သူ၏ ထက်မြက်သော၊ တစ်နည်းအားဖြင့် ကောက်ကျစ်တတ်သော နည်းလမ်းများက သက်သေတည်လေ၏။

မုန်းကမူ သိလိုစိတ်တစ်ခုကြောင့် Wei အား မနက် ၄ နာရီအထိ စိတ်ရှည်လက်ရှည် ထိုင်စောင့်နေ၏။ ဆိုင်ပိတ်ခါနီးသော် အပြင်၌ အေးအေးလူလူ ရပ်စောင့်နေခဲ့သည်။

မုန်းသည်ကား ရှပ်အင်္ကျီလက်ရှည်အား လက်တံတောင်ဆစ်အထိ ခေါက်တင်ထားကာ ဂျင်းဘောင်းဘီအနက်အား ဝတ်ဆင်ထား၏။ နံရံကိုမှီကာ လက်ကိုပိုက်လျက် ခေါင်းကမူ ကြမ်းပြင်သို့သာ စိုက်ကြည့်ရင်း အတွေးနှံ့နစ်နေခဲ့သည်။

Wei ... Wei တဲ့လား။ မင်းက ကိုယ်သိတဲ့ ကိုဝေးလား ...

အတွေးနှံ့နက်နေစဥ်မှာပင် တံခါးမှနေ၍ အရိပ်ဖြူလေးတစ်ခုသည်ကား ခပ်ဖြည်းဖြည်း ထွက်ပေါ်လာခဲ့၏။ ကျောပိုးအိတ်အား ဘေးတစောင်းလွယ်ကာ အေးအေးလူလူ လျှောက်လှမ်းနေပုံက လောကကြီးတစ်ခုလုံးအား အရေးမစိုက်လိုသည့်နှယ် ...

Wei ထွက်လာသည်အား မြင်လေတော့ မုန်းက ခပ်မတ်မတ်ရပ်လိုက်ရင်း နှုတ်ဆက်ရန် ပြင်လေ၏။ သို့သော်ငြား Wei ကမူ အရေးစိုက်ခြင်း အလျှင်းမရှိ။ အိမ်ပြန်လမ်းကိုသာ အေးအေးလူလူ လျှောက်လှမ်းလျက်ရှိသည်။

မုန်းသည်လည်း အနောက်မှသာ ခပ်ဖြည်းဖြည်း ကပ်လိုက်ခဲ့လိုက်သည်။ တစ်နေရာအရောက်၌မူ တုတ်များ ကိုင်ဆောင်ထားသော လူတစ်စုက Wei ၏ လမ်းအား ပိတ်ရပ်လိုက်ကြ၏။ သို့သော်ငြား Wei ကမူ တုန်လှုပ်ခြင်း အလျှင်းမရှိ။ ဘောင်းဘီအိတ်ထဲသို့သာ လက်လေးထည့်ထားရင်း အေးအေးလူလူ ရပ်ကြည့်နေ၏။

လက်တစ်ဖက်ကမူ ကျောပိုးအိတ်၏ ကြိုးလေးအား ကိုင်ထားသည်။ Mask တပ်ထားသော်လည်း အကာအကွယ်မရှိသော မျက်လုံးတစ်စုံက စူးရဲ နေမှန်း သိသာလွန်းလှသည်။

"Wei ဆိုတဲ့တစ်ယောက်လား။ တော်တော်နာမည်ကြီးသားပဲ။ ဒါပေမဲ့ ငါတို့ boss ရဲ့ အစာကို ဖျက်ဆီးလိုက်နိုင်တဲ့ သတ္တိကိုတော့ မချီးကျူးပဲ မနေနိုင်ဘူး ..."

"..... ..."

"အခုတော့ မင်းရဲ့သတ္တိက မင်းကို မကယ်နိုင်တော့ဘူး ထင်ပါရဲ့။ တောင်းပန်စကားလေးကို ခခယယလေး ပြောဆိုပေးရင် ငါတို့ boss က သနားပြီး ခွင့်လွှတ်ရင် ခွင့်လွှတ်နိုင်တယ် ...။ ငါတို့ boss က သနားတတ်ပါတယ် ... မင်းရဲ့ ... မျက်နှာလေးသာ ချောနေရင်ပေါ့ ..."

"..... ..."

ပြောပြောဆိုဆိုနှင့် ထိုလူသည်ကား Wei ၏ မျက်နှာထက်မှ mask အား ချွတ်ရန် ကြိုးစားလေ၏။ သို့သော် ပြန်လည်ရရှိလိုက်သည်က စူးရှသော အော်သံတစ်ခုအပြင် ပြင်းလှစွာသော နာကျင်မှုတစ်ခု ...

Wei သည်ကား သွက်လက်စွာ ထိုလူ၏ လက်အား လိမ်ချိုးလိုက်သည်ပင်။ ထိုအခါ အုပ်စုလိုက်နှင့်တစ်ယောက် တိုက်ပွဲဆင်နွှဲရလေတော့၏။ Wei ကမူ ဇာတ်စင်ပေါ်၌ အကအလှုပြနေသည့်နှယ် လှှားခနဲ၊ လှှားခနဲ တိုက်ခိုက်နေ၏။ ပေါ့ပါးလှစွာ၊ သပ်ရပ်လှစွာ။ မသိလျှင် တိုက်ခိုက်ခြင်းအမှုအား တစ်ဖက်ကမ်းခပ် ကျွမ်းကျင်နေသယောင်ယောင် ...

မုန်းသည်လည်း မနေနိုင်စွာ ဝင်ရောက်တိုက်ခိုက် ကူလိုက်၏။ မုန်း အထင် မှန်ခဲ့ပါသည်။ မကြာလှသော အချိန်တစ်ခုအတွင်းမှာပင် ထိုလူ

တစ်စုသည်ကား Wei ၏ ရှေ့၌ အလဲလဲအပြိုပြို ကျရှုံးကုန်၏။ Wei ၏ မျက်နှာပေါ်မှ mask သည်ကား အရာပင်မယွင်း ...

Wei ကမူ အေးအေးလူလူပင်။ လွယ်အိတ်ကလေးအား ဖုန်ခါကာ လွယ်လိုက်ရင်း သွားလိုရာခရီးသို့ ရှေ့ဆက်လေ၏။ အင်္ကျီအား သပ်သပ်ရပ်ရပ်ပြင်နေသည့် မုန်းသည်ပင် မျက်ခုံးပင့်လိုက်ရသည်လေ။

ဒီတိုင်းပဲ ထွက်သွားတာလား ...

"ခဏ ..."

Wei ၏ ပခုံးအား အလျင်စလို လှမ်းပုတ်လိုက်သည့်တစ်ခဏ စူးခနဲ နောက်ကျောမှ အောင့်တက်သွားခဲ့၏။

ကျွန်တော် ကိုင်ပေါက်ခံလိုက်ရသည်လေ ...

"ငါပါဟ။ ကူလည်း တိုက်ပေးရသေးတယ် ..."

နာကျင်သွားသော နောက်ကျောအား ပွတ်သပ်ကာ စူပုပ်ပုပ်ဆိုမိတော့ မှင်သေသေ လှည့်ကြည့်၏။ ခဏတာ တွေဝေနေရင်းမှ ...

"Sorry ..."

တစ်လုံးတည်းသော စကားကိုဆိုကာ ပြန်လှည့်သွားပါသော Wei။ ထို့နောက် လမ်းချိုးလေးထဲသို့ ကွေ့ဝင်သွားကာ ပျောက်ကွယ်သွားခဲ့သည်။

ဘယ်လိုတောင် ... တစ်လုံးတည်း ပြောသွားခဲ့တယ်။ တကယ်ကြီး တစ်လုံးတည်း ...

သူ့ကို ကူပြီးတိုက်ပေးခဲ့တဲ့ ငါ့ကိုလေ ...

အံ့ဩမှုအပေါင်း ပိုက်ထွေးရင်း ကျန်ရစ်ခဲ့သူ မုန်းသည်ကား ထိုညက သူ သိပ်သိချင်ခဲ့သော Wei ၏ အကြောင်းအား စုံစမ်းခွင့်မရရှိခဲ့ပါ။ အပိုဆောင်း အနေနှင့် အံ့ဩမှုနှင့် မယုံကြည်မှုများသာ ထပ်ဆောင်းရရှိခဲ့လေ၏။

***